# ခေါင်းဆောင်ကောင်းတစ်ဦး၏အလုပ်

## နိဒါန်း

ဤခေါင်းဆောင်တစ်ဦး၏ အလုပ်တာဝန်ခေါင်းစဉ်ကို ‘‘ခေါင်းဆောင်မှု ၁၀၁ နှင့်သာလွန်၍’’ ဆိုသည့်စာစဉ်၏ ပထမဆုံးခေါင်းစဉ်ဖြစ်သည်။ ကျွန်တော့်အနေဖြင့် CEO တစ်ဦး၏ အလုပ်ဟူ၍ ရည်ညွှန်းသော်လည်း ကဏ္ဍာစုံ၌ ခေါင်းဆောင်သောသူများအတွက် အသုံးဝင်သည့် နိယာမဖြစ်သည်ဟု ယုံကြည်ပါသည်။ စီးပွားရေးဆိုင်ရာ ဝေါဟာရအသုံးပြုခြင်းအား ထူးခြားသော အမြင်သစ်များလည်း ရရှိမည်ဟု ယုံကြည်ပါသည်။ စီးပွားရေးလုပ်ငန်းနှင့် ပရဟိတလုပ်ငန်းများ မတူညီကြဟု လူအများက စဉ်းစားကြသည်။ အဖွဲ့အစည်းခြင်းမတူညီသော်လည်း <u>(ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုများမှ အခြေခံအားဖြင့်သော်လည်း)</u> ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုများမှာ အခြေခံအားဖြင့် အတူတူပင်ဖြစ်သည်။ သာသနာ့လုပ်ငန်းလုပ်ဆောင်ရာတွင် သင်သည် အမိကနောက်လိုက်နေရာ၌ ပါဝင်ကပြသူဖြစ်ကြောင်း နားလည်ထားရန်မှာ ကျွန်တော်၏ဆန္ဒဖြစ်သည်။ ဤသင်ခန်းစာ၌ တွေ့ရမည့် သင်ခန်းစာများသည် ကျမ်းစာက အခြေခံသော နိယာမများဖြစ်သည်။ ကျမ်းစာထဲရှိ နိယာမများကို စီးပွားရေးသမားများက လက်တွေ့အသုံးချခြင်းအား နောက်ဆုံး သူတို့ကိုယ်ပိုင်နိယာမများပင်ဖြစ်လာခဲ့သည်။ ခရစ်ယာန်များစွာပါသည့် ပြင်ပစီးပွားရေးသမားတို့၏ နိယာမသည် ကျမ်းစာမှလာကြောင်း လက်ခံခြင်းမရှိနိုင်ကြသည်။ ဤနိယာမများသည် ကျမ်းစာမှလာသော အရာများဖြစ်ကြောင်း ကြွေးကြော်ကာ လက်တွေ့အသုံးပြုရန်မှာ ယခုအချိန်ပင်ဖြစ်သည်။

သင်သည် မိမိကိုယ်မိမိ CEO တစ်ဦးအဖြစ် တွေးတောနေမည်မဟုတ်ကြောင်းမှာ အမှန်ဖြစ်သော်လည်း သာသနာလုပ်ငန်း၌ တထောင့်တနေရာတွင် ဦးဆောင်နေသူဖြစ်ပါက သင်သည် CEO တစ်ဦးအမှန်ပင် ဖြစ်နေကြောင်း သတိပြုပါ။ ကျွန်ုပ်အနေဖြင့် ခေါင်းဆောင်နေရာ၌ CEO ဆိုသည့် ဝေါဟာရကို အသုံးပြုမှာဖြစ်သည်။ အခြားသူများကို ဦးဆောင်သူအား ခေါင်းဆောင်ဟုခေါ်သည်။ CEO ဖြစ်နေသော်လည်း သင့်ထက်၌ တစ်စုံတစ်ဦးရှိနေလျှင်ပင် သင်အလုပ်ဆောင်ရန် ပေးအပ်သော ကဏ္ဍာ၌ သင်သည် ခေါင်းဆောင်အဖြစ်ရှိနေဆဲပင်ဖြစ်သည။ မိမိကိုယ်မိမိ သာမန်လုပ်သားတစ်ဦးကဲ့သို့မဟုတ်ဘဲ ခေါင်းဆောင်တဦးအနေဖြင့် တွေးတောပါ။ အနာဂတ်၌ ကျယ်ပြန့်သော သာသနာလုပ်ငန်း၏ ခေါင်းဆောင်ဖြစ်လိုပါက သင့်အနေဖြင့် ခေါင်းဆောင်မှုပညာက မဖြစ်မနေ လေ့လာသင့်ယူရန်လိုအပ်ပါသည်။

အောင်မြင်သော ခေါင်းဆောင်များစွာတို့မှလည်းကောင်း၊ ကျွန်ုပ်ကိုယ်တိုင်မှားယွင်းခဲ့သောအရာများမှမှလည်းကောင်း၊ သင်ခန်းစာယူနိုင်ရန်မှာ ကျွန်ုပ်ရည်ရွယ်ချက်ဖြစ်သည်။ ဘဝတွင်တွေ့ကြုံသောအရာများမှ သင်ခန်းစာယူပြီး လေ့လာမှုပြုလုပ်မှသာ လိုအပ်သော ပညာ၊ ဉာဏ်အမြော်အမြင်များကို ရရှိနိုင်မည်ဖြစ်သည်။

သာသနာ လုပ်ငန်း၌ ခေါင်းဆောင်များအတွက် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ မြေကြီးပေါ်တွင် ဘုရားသခင်၏ နိုင်ငံတော် တည်ထောင်ရန် ဖြစ်သည်။

''ပညာရှိသူသည် သူတပါး၏အမှားမှ သင်ယူက၊ သာမန်လူတစ်ဦးက သူ၏အမှားအားဖြင့် သင်ယူသည်။ ရှုးမိုက်သောသူသည် မည်သူတစ်ယောက်၏အမှားမှ မသင်ယူပေ'' ဟူသော စကားပုံကို ကြားဖူးပါသည်။ ဦးနှောက်မရှိသောသူလျှင် အမှားတစ်ခုကို ထပ်ခါထပ်ခါ ပြုလုပ်ရင်းနှင့် ဘာကြောင့်အခုထိ အလုပ်မဖြစ်သေးတာလဲဟု ညည်းညူတင်ပြသည်။ လွန်ခဲ့သော နှစ်အနည်းငယ်၌မလုပ်ရမည့် အရာများစွာကို ကျွန်ုပ်သငယူမိသည်။ သူတပါး၏ အမှားမှသင်ခန်းစာယူကာ ဘုရားသခင်ထံမှ ကြီးမားသော အရာ/ တောင်းခံဖို့မကြောက်ရွံ့ပါနဲ့။ အမှားမလုပ်ဘူးသောသူသည် ဘာမျှမလုပ်သောသူဖြစ်ကြောင်း သတိရပါ။ သင်အမှားလုပ်မိမှာ သေချာလား။ ဟုတ်ကဲ့။ အကယ်၍သင်သည် အသစ်သောအရာတစ်ခုခုကိုလုပ်ပါက မလွဲမသွေအမှားကို လုပ်မိမာအသေအ ချာပင်ဖြစ်သည်။ အောင်မြင်မှုကို "R-I-S-K" စွန့်စားမှုဟု စကားပေါင်းထည့်ခဲ့ကြသည်။ ခေါင်းဆောင်တစ်ဦးအနေဖြင့် စွန့်စားမှုမပြုလိုပါက ထိရောက်သော အောင်မြင်မှုစီ လျှောက်လှမ်းနိုင်မည်မဟုတ်ပေ။ ဘုရားသခင်သည် သင့်အား နောက်တဆင့်လှမ်းနိုင်ရန် ပြင်းပြသော ဆန္ဒရှိပါ။

''သူဌေးကြီး နှင့် ငယ်သားများ'' အကြောင်းကို မှတ်မိကြမည်ဟုယူဆပါသည်။ ငယ်သားထဲမှတစ်ဦး သည် သခင်ပေးသောငွေကို မိမိအတွက်လည်း အသုံးမပြုသလို၊ သခင့်အကျိုးဖြစ်ထွန်းစေမည့်အရာအတွက် လည်း အသုံးမပြုဘဲ လုံခြုံစွာသိမ်းထားကြောင်း တွေ့ရသည်။ ဘုရားသခင်သည် သူ၏ နိုင်ငံတော်ကျယ်ပြန့စေ ရန်အတွက် ယုံကြည်သူများ ဆုကျေးဇူးအစွမ်းသတ္တိများကိုပေးအပ်သော်လည်း အထက်ဖော်ပြပါ လူနှင့်တူ နေကြသည်ဟုခံစားမှာ အမှန်ပင်ဖြစ်သည်။ ဆုကျေးဇူးများများရရှိသောသူသည် များများလုပ်ဆောင်ရန် ဖြစ်သည်။ ဘုရားသခင်သည် သင်၌ရှိသော စမ်းရည်ထက်သာလွန်၍ လုပ်ဆောင်ရန် တောင်းဆိုလိမ့်မည် မဟုတ်ပါ။ အထက်ဖော်ပြပါ ဥပမာတွင် သူဌေးသည် ငယ်သားများ၌ရှိသော စွမ်းရည်အပေါ် အခြေခံ၍ လိုအပ်သော အရာများပေးအပ်ကြောင်း တွေ့ရသည်။ လက်ခံရရှိသူ ဘဏ္ဍာထိန်းအနေဖြင့် သခင်၏ ဥစ္စာ ပစ္စည်းများကို တိုးပွားအောင်လုပ်ဆောင်ရန်ဖြစ်သည်။ ဘုရားသခင်၏ နိုင်ငံတော်ကျယ်ပြန့်ရန်အတွက် ကျေန်တော်တို့၌ ပေး အပ်သော အစွမ်း၊ ဆုကျေးဇူးများအား အသုံးပြုရန် ကျွန်တော်တို့၏ တာဝန်ဖြစ်သည်။

သင်ခန်းစာမှ နိယာမနည်းလမ်းများကို အသုံးပြုခြင်းအားဖြင့် ဘုရားပေးအပ်ထားသော အရာများကို သာ၍ အောင်မြင်အောင် စွမ်းဆောင်နိုင်မည် ဖြစ်သည်။ သေးငယ်သော အမှု၌ သစ္စာရှိသောသူ ကို ဘုရားသခင်ကသာ၍ ကြီးသောအရာကို ဆုလာဒ်အဖြစ် ချီးမြှင့်မည်ဖြစ်သည်။ သင့်အတွက်၊ သင့်သာသနာ

လုပ်ငန်းအတွက် လိုအပ်သောအရာများကို ဘုရားသခင်သည် ပြည့်စုံစွာ ပြင်ဆင်ထားပြီး ဖြစ်သည်။ အကယ်၍ ဘုရားသခင်သည် ကြီးမားသော ရူပါရုံပေးပါက ပန်းတိုင်ရောက်သည့်တိုင်အောင် ခြေလှမ်းတိုင်း၏ လိုအပ်ချက်များကို ပြင်ဆင်ပေးမည်ဖြစ်ကြောင်း သူ၏သစ္စာရှိခြင်းကို သိမှတ်ယုံကြည်ပါ။ ဤသင်ခန်းစာပါ နည်းလမ်းများကို အသုံးပြုခြင်းအားဖြင့် နိုင်ငံတော်ကျယ်ပြန့်စေရန်အတွက်သာ၍ လုပ်ဆောင်နိုင်မည် ဖြစ်သည်။

''ထပ်ခါထပ်ပြုလုပ်ခြင်းသည် သင်ယူခြင်း၏ မောင်းနှင်းအားဖြစ်သည်'' သင်ယူခဲ့သော အရာများကို ဘဝ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်လာစေရန် ထပ်ခါတလဲလဲပြုလုပ်ရန် ဖြစ်သည်ဟုဆိုလိုခြင်းဖြစ်သည်။ အားကစားသမားများအနေဖြင့် သူတို့၏ကြွက်သားများသာ၍ သန်မာစေရန် လေ့ကျင့်ခန်းကို ထပ်ခါထပ်ခါ ပြုလုပ်ကြရသည်။ ထိုနည်းတူစွာပင် ဤသင်ခန်းစာများသည် မိမိ၏ နေ့စဉ်အသက်ရှင်မ၊ သာသနာလုပ်ငန်း၏ အစိတ်အပိုင်းဖြစ်လာရန် ပြန်လှန်လေ့လာခြင်း၊ အလွတ်ကျက်မှတ်ခြင်းတို့ကို အဆက်မပြတ်ပြုလုပ်ရန် လိုသည်။ အချို့သောနည်းလမ်းများ၊ ပုံဥပမာများကို လိုအပ်သလို ပြန်လည်၍ အသုံးချနိုင်ရန် ပြန်လည်ဖော်ပြ ပေးထားသည်။ ဤသို့အားဖြင့် ထိုအရာများသည် သင်၏ အမူအကျင့်မားဖြစ်လာစေရန် အထောက်အကူပြု မည်ဖြစ်သည်။

နောက်ဆုံးအနေဖြင့် နိယာမ၊ အခြေခံသဘောတရားနှင့် နည်းစနစ်၏ခြားနားမှုများကို လေ့လာရမည် ဖြစ်သည်။ အခြေခံသဘောတရားမှာ ဥပဒေသ၊ ရှင်းပြချက်နှင့် တစ်စုံတစ်ခုက မည်သို့မည်ပုံအလုပ်လုပ်ပုံကို ဖော်ပြခြင်းဖြစ်သည်။ နည်းစနစ်ဆိုသည်မှာ တစစုံတစ်ခုကို လုပ်ဆောင်သောနည်းဖြစ်သည်။ အခြေခံသဘော တရားမှာ နေရာတိုင်း၌ အလုပ်ဖြစ်သော်လည်း ဥပဒေမှာမူ ပုံသေအနေဖြင့် ကန့်သတ်ချက်ဘောင်အတွင်း၌ သာ အလုပ်လုပ်နိုင်သည်။ ကြုံတွေ့ရသော ပြဿနာအခွင့်အရေးပေါ် သင်ကြားခဲ့သော အခြေခံသဘောတရား များကို မည်သို့အသုံးချပြီး သင်ယူရမည်ကို သတိပြုပါ။ ဥပဒေသများကို မိမိအသက်တာတွင် မည်ကဲ့သို့ လက်တွေ့အသုံးချရမည်ကို အာရုံစိုက်ပါက အခြေခံသဘောတရားကို ထင်ရှားစွာ မြင်တွေ့ပြီး လုပ်ငန်းခွင်၌ သာ၍ အောင်မြင်မှုဖြစ်စေမည်အမှန်ပင်။

***ဤသင်ခန်းစာသည် အစိတ်အပိုင်းတချို့အား ကျွန်ုပ်၏ ဆရာ Dr. Dean Radtke (The Ministry Institute) ၏ ခွင့်ပြုချက်ဖြင့် ရယူသုံးစွဲသည်။***

## ခေါင်းဆောင်ကောင်းတစ်ဦး၏အလုပ်

ခေါင်းဆောင်ကောင်းတစ်ဦး၏ အလုပ်၌ အဆင့်ငါးဆင့်ရှိ၍ ဤအရာများသည် ကျယ်ပြန့်သောအဖွဲ့နှင့် အဖွဲ့ငယ်များ၌ ခေါင်းဆောင်မှုပြုသော သူတိုင်းအတွက် သင့်လျော်သည်။ ဤအခြေခံနိယာမများကို လိုက်နာနိုင်ရန် သင်ယူရန်နှင့် တပါးသူများအား လက်ဆင့်ကမ်းပါက သင်၏ သာသနာနယ်ပယ်၌ အောင်မြင်မှုရရှိရာ အမှန်ဖြစ်သည်။

အဖွဲ့အစည်း၊ အုပ်စု (သို့) ပေးအပ်သောအလုပ်၌ လိုက်နာရမည့် အရာများမှာ–

၁။ **ထောက်ပံ့ခြင်း** – လမ်းညွှန်မှုပေး

၂။ **ရယူခြင်း** – အစီအစဉ်၊ အကြံဉာဏ်နှင့် ထောက်ခံမှု

၃။ **တာဝန်ပေးခြင်း** – အလုပ်

၄။ **ထောက်ပံ့ခြင်း** – အောင်မြင်ရန်

၅။ **ရယူခြင်း** – ပြန်လည်သုံးသပ်ခြင်း

လုပ်ဆောင်မှု၌ ထောက်ပံ့ခြင်းတွင် နှစ်ခါ၊ ရယူခြင်းနှစ်ခါကြား၌ တာဝန်ပေးခြင်းရှိသည်ကို သတိပြုမိပါသလား။ CEO တစ်ဦး၏ လုပ်ငန်း၌ အောင်မြင်သော ခေါင်းဆောင်ဖြစ်ရန် နည်းလမ်းအကောင်းဆုံး အထောက်အကူပြုမည်ဖြစ်သည်။

### သင်ခန်းစာ ၁

ထောက်ပံ့ခြင်း – လမ်းညွှန်မှုပေးခြင်း ။ ဦးစွာ မိမိ၏ လုပ်ဖော်ဆောင်ဖက်များကို လမ်းညွှန်နိုင်ရန် မိမိသွားရမည့်လမ်းကြောင်းကို ရှင်းလင်းစွာ သိရှိရန် လိုသည်။ အမေရိကန်လူမျိုးတွေးခေါ်ပညာရှင် ဘောစ်ဘော အားကစား၌ ကျွမ်းကျင်သူ “Yogi Beram'' မင်းဘယ်သွားရမည်ကိုမသိကာ တနေရာရာမှ အဆုံးသတ် သွားမှာဖြစ်သည်” ဟု ဆိုသည်။ ဆိုလိုသည်မှာ သွားလိုသောအလုပ်၊ လုပ်ဆောင်ရမည့် အလုပ်ကို ရှင်းလင်း တိကျစွာမသိပါက အကောင်းဆုံးသောအရာကိုမရရှိဘဲ အဆုံးသတ်မည်ဟူ၍ ဖြစ်သည်။ ‘‘လူများအတွက် အကောင်းဆုံးဆိုသည်မှာ ဘုရားသခင်အတွက် သာမန်သာဖြစ်သည်။”

အကယ်၍ ခေါင်းဆောင်မှ ဦးဆောင်ပါက သူ၏လူများက လိုက်လာကြသည်ဖြစ်သည်။ ဆိုလိုသည်မှာ သွားရမည့်နေရာနှင့် မည်သို့ရောက်ရှိနိုင်မည်ကို ခေါင်းဆောင်မှ သိနားလည်ရန် လိုအပ်သည်။ သူ၏ လများ တက်ကြွစွာ ပါဝင်စေရန် ထင်သာမြင်သာဖြစ်အောင် လုပ်ဆောင်ရန်လည်း လိုအပ်သည်။ ခေါင်းဆောင်မှ မိမိ

လူများအား ရှင်းလင်းတိကျသော လမ်းညွှန်မှုပေးရပါမည်။ လမ်းညွှန်ချက် မရှင်းမလင်း မသိပါက နောက်လိုက်များအား ရှုပ်ထွေးစေမည်ဖြစ်သည်။

CEO တစ်ဦးအဖြစ် နေရာယူပြီးဆိုပါက နိမ့်ကျသော အမြင်၊ ပုံသေဝါဒများမှ လွတ်မြောက်အောင် စဉ်းစားပါ။ စီးပွားရေးလောကတွင် CEO ၏ တာဝန်မှာ လုပ်ငန်းပုံမှန်လည်ပတ်ကာ အမြတ်ကျန်ရန် ဖြစ်သည်။ ထိုနည်း တူစွာပင် သင်းအုပ် (သို့) သာသနာ့ခေါင်းဆောင်တဦးအနေဖြင့် မိမိ၏ အသင်းတော်၊ သာသနာလုပ်ငန်း၌ အောင်မြင်တိုးတက်မှုအဆင့်ဆင့်ကို မြင်တွေ့ရန်ဖြစ်သည်။

အသင်းတော်၌ အခြေခံရည်ရွယ်ချက် (၃) ခုရှိသည်။ ပထမ ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေရန်၊ ဒုတိယ–ပျောက်ဆုံးဝိညာဉ်ဖမ်းဆီးရန်၊ တတိယ – ခရစ်တော်၏ ခန္ဓာကိုယ်ကို တည်ထောင်ရန်ဖြစ်သည်။ ပထမနှစ်ခုကို သေချာလုပ်ဆောင်ပါ။ ခရစ်တော်၏ ခန္ဓာကိုယ်ကို ထပ်ဆင့်တည်ထောင်ခြင်းနှင့် အားကြီးလာခြင်းတို့က နောင်မှတပ်ကြပ်မကွာ လိုက်မည်ဖြစ်သည်။

ခေါင်းဆောင်မှုအကြောင်းကို ဖေက် ၄း၁၁–၁၂၌ တွေ့ရသည်။ ‘‘ခရစ်တော်၏ ကိုယ်တော်ကို တည်ထောင်၍ ဓမ္မဆရာ၏အမှုကို ပြုတတ်မည်အကြောင်း၊ သန့်ရှင်းသူတို့ကို ပြင်ဆင်ခြင်းအလို့ငှါ ၊ ထိုသခင်သည် လူအချို့ကို တမန်တော်အရာ၌၎င်း၊ အချို့ကို တမရေဖက်အရာ၌၎င်း၊ အချူ့တို့ကို သာသနာအရာ၌၎င်း၊ အချို့တို့ကို သင်းအုပ်ဆရာအရာ၌၎င်း ခန့်ထားတော်မူ၏’’

ဤငါးခုကို သာသနာလုပ်ငန်းအတွက် ပေးထားသော ဆုကျေးဇူးဟုခေါ်သည်။ ဤဆုကျေးဇူးများ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ခရစ်တော်၏ ကိုယ်ခန္ဓာတည်ဆောက်ရာ၌ အထောက်အကူပြုစေရန် ဖြစ်သည်။ ဤအရာများကို သစ္စာရှိစွာ ဘုရားအတွက် ပါဝင်ဆောင်ရွက်လိုသူများအား သင်ကြားပေးရန်ဖြစ်ကြောင်း ၂တိ ၂ း ၂ တွင် တိုက်တွန်းထားသည်။

ခေါင်းဆောင်အနေဖြင့် ဘုရားပေးအပ်သောလုပ်ငန်းကို ဆောင်ရွက်ရာ၌ ပန်းတိုင်ထားရှိရန်လိုသည်။ ဤနေရာ၌ SMART စကားလုံးကို သတိရစေချင်သည်။ စကားလုံးတိုင်းရှိ အဓိပ္ပါယ်များက နည်းဥပဒေကို နားလည်ရန် အထောက်အကူပြုလိမ့်မည်။ မိမိထားရှိသော ပန်းတိုင်မှန်ကန်မှုရှိစေရန် ဤအချက်များသည် မရှိမဖြစ် လိုအပ်သောအရာများဖြစ်သည်။

**SMART ပန်းတိုင်**

Specific (တိကျသေချာသော) မိမိပန်းတိုင်သည် မည်သူအားဖြင့် မည်သည့်အချိန်နေရာ၌ မည်ကဲ့သို့ အောင်မြင်ရမည်ဟု တိကျသေချာစွာ ထားရှိရန် လိုအပ်သည်။ မိမိပန်းတိုင်သည် ရှင်းလင်းတိကျမှသာ မည်သည့် အချိန်၌ ရောက်ရှိနိုင်မည်ကို ရှင်းလင်းစွာ သိရှိနိုင်သလိုဟုဆိုလိုသည်။

Measurable (တိုင်းတာ၍ရသော) တိုင်းတာ၍ရသောဆိုရာ၌ နောက်ဆုံးရလဒ်နှင့် ရောက်ရှိနိုင်သော ပန်းတိုင်ကိုဆိုလိုသည်။ ဤအရာမှာ အရည်အသွေးနှင့်ပတ်သက်၍ မည်မျှ၊ ဘယ်နှစ်ကြိမ်ဘယ်လောက်ဆို သောအရာ၌အဖြေကို ပေးနိုင်မည်ဖြစ်သည်။ ရောက်ရှိခဲ့ပြီးသော ပန်းတိုင်များက သင်အတွက် ခွန်အားဖြစ် လာစေမည်ဖြစ်သည်။ ''ပန်းတိုင်ဆိုသည်မှာ အိမ်မက်စိတ်ကူးယဉ်ထဲ၌သာ မတိုင်းတာနိုင်အောင် ကျယ်ပြော သော အရာဖြစ်ရပါမည်။''

Achievable (ပြီးမြောက်နိုင်သောအရာ) မိမိထားရှိသော ပန်းတိုင်များ ပြီးမြောက်နိုင်အောင် ရောက်ရှိ နိုင်သော အရာဖြစ်ရန် လိုသည်။ မိမိစီမံထားသောအရာ ပြီးမြောက်နိုင်မည်ဟု ယုံကြည်ထားပါမည်။ မယုံကြည်နိုင်လောက်အောင် ကြီးမားသော ပန်းတိုင်ထားရှိပါက ပြီးစီးသည်မဟုတ်ကြောင်း သတိပြုပါ။ ကလေးငယ်များသည် ဦးစွာလေးဖက်ထောကတတ်အောင် သယ်ယူပြီးမှသာလျှင် လမ်းလျှောက်ပြီး နောက်ဆုံးပြေးနိုင် သည်အထိ ဖြစ်လာသည်။ ကြီးမား၍ ကျယ်ပြန့်သော အရာများကို ယုံကြည်ခြင်းဖြင့် တွေးတောစဉ်းစားရန် ဖြစ်သော်လည်း အချိန်အခါနှင့် မလိုက်ဖက်နိုင်လောက်အောင် ကြီးမားလွန်းသော ပန်းတိုင်ကို မထားမိစေရန် လည်း အရေးကြီးသည်။

Relevant (ဆီလျော်သောအရာ) – သင်၏ ပန်းတိုင်သည် ရည်မှန်း၍ ရေရှည်စီမံကိန်းအတွင်း ပြီးမြောက်နိုင်မည့်အရာဖြစ်ရန် လိုသည်။ သင်၏ ရူပါရုံ၊ သာသနာလုပ်ငန်းနှင့် ရည်ရွယ်ချက်ကို ရှင်းလင်းစွာ နားလည်သိရှိရန် လိုသည်။ သင်၏ အဖွဲ့အနေဖြင့် ပန်းတိုင်၏ လိုအပ်ချက်နှင့် ရည်ရွယ်ချက် နားလည်သိရှိ ရန်လိုသည်။

Time-based (အချိန်သတ်မှတ်ချက် ) – ပန်းတိုင်ရောက်ရှိရန် ရေတိုစီမံကိန်းများထားရှိပါ။ စီမံကိန်း ပြီးဆုံးရန်အချိန်ကို သတ်မှတ်ပါ။ အလုပ်တစ်ခုကို တစ်လအတွင်း ပြီးဆုံးရန် သတ်မှတ်ပါက ဤတစ်လလုံး အတွင်း ပြီးဆုံးရန် လုပ်ဆောင်ရန်ဖြစ်သလို၊ နှစ်ပတ်အတွင်း ပြီးဆုံးရန် သတ်မှတ်ပါက နှစ်ပတ်အတွင်း ပြီးရန်ဖြစ်သည်။ အချိန်များစွာ ရှိသေးတယ် ၊ အချိန်လုံလောက်သလို စိတ်ထင်ပါက လုပ်ငန်းနှေးကွေးသွား မည်ဖြစ်သည်။

အောင်မြင်အောင် လုပ်ဆောင်ရန် ခက်ခဲလွန်းသော (သို့) အဖွဲ့သားများအနေဖြင့် ရောက်ရှိရန် မသေချာသော ပန်းတိုင်မျိုးမထားပါနဲ့ ''ဤအရာကို အောင်မြင်အောင် လုပ်ဆောင်ရအောင်'' (သို့) ဒီနှစ်မှာ ပျောက်ဆုံးဝိညာဉ်ဖမ်းဆီးရရှိအောင် လုပ်ဆောင်ကြစို့'' စသည့် အရာမျိုးကို ပြောဆိုခြင်း၊ လုပ်ဆောင်ခြင်း

မပြုပါနဲ့။ ဤအရာမျိုး၌ အောင်မြင်မှုကို မည်သို့တိုင်းတာမည်နည်း။ မည်သို့အနေအထားမျိုးရောက်မှ အောင်မြင် သည်ဟု မှတ်ယူရမည်နည်း။ ပျောက်ဆုံးနေသူ မည်မျှမည်သရှိနေသနည်း။ မည်သည့်လူမျိုးကို ပျောက်ဆုံး နေသူဟုသတ်မှတ်ရမည်နည်း။ "ဒီနှစ်အတွင်း ပျောက်ဆုံးဝိညာဉ်အပါး ၅၀ ရအောင် လုပ်ဆောင်ရအောင်" စသည်အရာမျိုး၊ သေချာသော အရာဖြစ်ရပါမည်။

ပန်းတိုင်သည် အဖွဲ့သားများအနေဖြင့် အောင်မြင်နိုင်သည်ဟု တိကျသေချာစွာ မြင်နိုင်တွေ့နိုင်သော အရာမျိုး ဖြစ်ရပါမည်။ ဤအရာက အဖွဲ့သားများအတွက် မှန်ကန်သော ဦးတည်ချက်၌ မှန်ကန်သော ပန်းတိုင်သို့ ရောက်ရှိနိုင်ရန် များစွာ အထောက်အကူပြုနေမည်ဖြစ်သည်။

ပြီးမြောက်နိုင်သော ပန်းတိုင်ထားရှိရာ၌ ဦးစွာ မမိကိုယ်တိုင် ကိုယ်ရောစိတ်ပါသည့် ထိုနေရာ၌ ရောက်ရှိနေကြောင်း မှန်ကန်စွာ ချင့်ချိန်တပ်ရန် လိုသည်။ ဤနည်းလမ်းအတိုင်း စဉ်းစားကြည့်ပါ။ လယ်ထဲ၌ သားရောက်လိုသော နေရာ၌ မြေပုံရနေသည်။ မြေပုံရှိနေသော်လည်း သင်၏ လယ်ရှိရောက်ရှိသောနေရာကို မသိဘဲရှိနေပါက သွားလိုသော ခရီးပန်းတိုင်ကို မည်သို့ရောက်ရှိနိုင်မည်နည်း။ လူတော်တော်များများ၌ ရည်မှန်းချက်ပန်းတိုင် ဦးတည်ချက်ရှိကြသော်လည်း မည်ကဲ့သို့ ရောက်ရှိနိုင်မည်ကို မသိကြပေ။ အကယ်၍ မိမိလက်ရှိရောက်နေသော နေရာကို သိရှိထားပါက သွားလိုသော ခရီး၊ ပန်းတိုင်ရောက်ရှိနိုင်မည် ဖြစ်သည်။ အကောင်းဆုံးသော လမ်းကောင်းကို ဆင်ခြင်ဆုံးဖြတ်နိုင်မည်ဖြစ်သည်။ ဤနည်းလမ်းအားဖြင့် ခရီးစဉ်၌ လိုအပ်မည့်အရာ၊ ရောက်ရှိနိုင်မည့်အချိန်တွင် ပြင်ဆင်ရာများ၌ များစွာအထောက်အကူဖြစ်စေမှာ အမှန်ဖြစ်သည်။ မိမိရောက်ရှိနေသော နေရာ၊ လိုအပ်ချက်များ၊ အရင်းအမြစ်များ မိမိ၌မထားပါက လက်ထဲ၌ ကိုင်ထားသော မြေပုံအားဖြင့် အောင်မြင်မှု ပန်းတိုင်ကို အချိန်မီ ရောက်ရှိနိုင်မည်မဟုတ်ပါ။

ခေါင်းဆောင်အနေဖြင့် မိမိသွားလိုသောအရပ်၊ လုပ်ဆောင်လိုသော အရာကို တိကျစွာ သိရုံသာမက မိမိအဖွဲ့သားများက ထိုခရီးစဉ်၌ လိုက်ပါနိုင်အောင် စည်းရုံးနိုင်ရမည်။ ခေါင်းဆောင်သည် ပန်းတိုင်ရောက်ရှိနိုင်ရန် အဖွဲ့သားများ၏ အကူအညီများအားဖြင့် အောင်မြင်မှုဆီရောက်နိုင်ကြောင်း နားလည်သဘောပေါက်စေရန်လိုသည်။

**သင်ခန်းစာ ၂**

ရယူခြင်း–အစီအစဉ်၊ အကြံဉာဏ်များ၌ မိမိလူများ၏ ထောက်ခံမှုကို ရယူပါ။ (အဖွဲ့သားများကို တွေးခေါ်တတ်စေရန်နှင့် ပြဿနာများ ဖြေရှင်းတတ်အောင် သင်ပေးပါ။)

အရာအားလုံးကို စီစဉ်ခြင်းနှင့် အလုပ်အားလုံးကို လုပ်ဆောင်ခြင်းသည် အောင်မြင်သော ခေါင်းဆောင်မှု နည်းစနစ်မဟုတ်ချေ။ မိမိကို ကူညီရန် ဘုရားသခင်စေလွှတ်ထားသော အဖွဲ့သားများမပါဘဲ လုပ်ဆောင်နေပါက နောက်ဆုံးလက်ပန်းကျကာ ကျရှုံးမှုနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ သင်၏ သာသနာ လုပ်ငန်း၌ အောင်မြင်မှုရရှိရန် ဘုရားသခင်သည် လိုအပ်သော သူများအား သင့်ထံစေလွှတ်သည်ဖြစ်ရာ

သင့်အနေဖြင့် အသိအမှတ်ပြုရန် လိုသည်။ ဘုရားသခင်ပေးအပ်ထားသော သင်၏သာသနာနယ်ပယ်လုပ်ငန်း၌ အောင်မြင်မှုရရှိရန် အဖွဲ့သားများထံမှ အစီအစဉ်အကြံဉာဏ်များနှင့် ထောက်ခံမှုများကို ရယူပါ။

သင့်ထံ၌မရှိသော အဖွဲ့သားများ၏ အရည်အသွေးများ တိုးတက်အောင် မွမ်းမံပေးပါ။ ဘုရားသခင်သည် သူတို့အား သင့်ထံအဘယ်ကြောင့်စေလွှတ်သည်ကို သိရှိအောင လေ့လာပါ။ သင်၌ မရှိသော ကျွမ်းကျင်မှု၊ အသိပညာနှင့် ပေါင်းသင်းဆက်ဆံရေးစသည့်အရာများသည် အဖွဲ့သားများထံ၌ ရှိနေသည်။ လုပ်ဆောင်ရန် ဘုရားသခင်ပေးထားသောအရာများကို သူတို့၏ ကျွမ်းကျင်မှု၊ အရည်အချင်းအားဖြင့် အောင်မြင်စေမည်ဖြစ်သည်။ ဘုရားသခင်သည် အဖွဲ့သားများကို သင့်ထံစေလွှတ်ရခြင်းများစွာ ပေးအပ်ထားသော အရာများကို လက်ဆင့်ကမ်းရန် ဖြစ်သည်ကို အစဉ်နှလုံးသွင်းပါ။

၂ တိ ၂ း ၂ ၌ ရှင်ပေါလုက တိမောသေအား သစ္စာရှိသော သူများကို သူ၌ရှိသော အရာများအား လက်ဆင့်ကမ်းရန် တိုက်တွန်းထား ကြောင်း တွေ့ရသည်။ အသိပညာများကို နောင်မျိုးဆက်ခေါင်းဆောင်များအတွက် လက်ဆင့်ကမ်းရန် ဖြစ်သည်။ သင်အောင်မြင်ရန်အတွက် လိုအပ်သောသူများအား ဘုရားသခင်စေလွှတ်ပေးနေပါသည်။ သူတို့၏ အကြံဉာဏ်များကို ရယူပါ။ သူတို့ထံ၌ အကြံဉာဏ်များ ရယူခြင်းသည် နိမ့်ကျခြင်းမဟုတ်ဘဲ သင်သတိမပြုမိ သောအရာများကို ထောက်ပြနိုင်ရန် ဘုရားသခင်ပို့ဆောင်ခြင်း ဖြစ်သည်။ သင်၏အားနည်းချက်ကို ထောက်ပြ နိုင်လောက်အောင် ပွင့်လင်းရင်းနှီးမှုမျိုး တည်ဆောက်ပါ။

၁၉ ရာစုတွင် ရွှေထွက်သော ကယ်လီမိုးနီးယားပြည်နယ်တွင် ရွက်ဖျင်တဲနှင့် သင်္ဘော၌ သုံးသလိုကြိုး၊ ရွက်မျိုးစုံထုတ်လုပ်သည့် စက်ရုံတစ်ခု ရှိသည်။ တစ်နေ့၌ အမှာစာပေးပို့သူတစ်ဦးက မှားယွင်းမှုတစခု ပြုလုပ်ခဲ့သည်။ ကုန်ပစ္စည်းရောက်လာသောအခါ ဆယ်ဆမက အသုံးပြုနိုင်သည်။ ရွက်တဲများရောက်ရှိလာတော့သည်။ ထိုအခါ CEO မှ အလုပ်သမားအားလုံးကိုခေါ်ကာ အခြေအနေအားလုံးကို ရှင်းပြသည်။ သူသည် ပြဿနာအကြောင်း ထူးထူးထွေထွေမပြောသော်လည်း ဤအရာများ အသုံးမချနိုင်ပါက လုပ်ငန်းပိတ်သိမ်းသည်အထိ ဖြစ်နိုင်ကြောင်း ရှင်းပြသည်။ ဤပစ္စည်းများကို ဘယ်မည်သို့ အသုံးချနိုင်မည်။ လုပ်ငန်းဆက်လက်လည်ပတ်နိုင်ရန် လိုအပ်သောအကြံဉာဏ်များပေးရန် တောင်းခံသည်။ အကြံပြုချက်များစွာထဲမှ တစ်ဦး၏ အကြံပေးချက်မှာ ထူးခြားနေပါသည်။ ဤရွက်ထည်များနှင့် ဘောင်းဘီပြုလုပ်ရန် ဖြစ်သည်။ ကြမ်းတမ်းသော ဤဘောင်းဘီသည် တောထဲ၌ ရွှေရှာနေသော ထောင်ပေါင်းများစွာ လူများအတွက် လွန်စွာ အသုံးဝင်မည်ဟု၍ ဖြစ်သည်။ CEO သည် ထူးချွန်သူတစ်ဦးဖြစ်သည်။ အားလျော်စွာ ''ဘောင်းဘီက ချည်သား၊ သိုးမွှေး (သို့) နိုင်လွန်သားနဲ့လုပ်တာ၊ မင်းအကြံက အသုံးမဝင်ဘူး'' ဟု၍ မဆိုချေ။ သသည် အကြံဉာဏ်သစ်လို ရလိုသူ၊ ကုမ္ပဏီကို ကယ်တင်လိုသောသူဖြစ်ကြောင်း ''မင်းပေးတဲ့ အကြံကို ဘယ်လိုလက်တွေ့အကောင် အထည်ဖော်မလဲဆိုတာ နည်းလမ်းရှာကြည့်ပါ။ တွေ့ရင်လာပြောပါ''

ဟု ဆိုခဲ့သည်။ ဤအရာသည် နောင်တွင် တစ်ကမ္ဘာလုံး အသိအမှတ်ပြုလာမည် Levis ဂျင်းကုမ္ပဏီ၏အစပင်ဖြစ်ရပါတော့သည်။

ကျရှုံးတော့မည့် ကုမ္ပဏီ (သို့) သာသနာလုပ်ငန်းများ နောက်ဆုံးပြောလေ့ရှိသော စကားမှာ ''ငါတို့ ဒီနည်းလမ်းကို တစ်ခါမှ အသုံးမပြုခဲ့ဘူး'' ဟူ၍ ဖြစ်သည်။

ကောင်းမွန်သောဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် သင်၏ လုပ်ဖော်ဆောင်ဖက်များထံမှ အကြံဉာဏ်များ ရယူရန် လိုအပ်သည်။ ပြဿနာဖြေရှင်းရာ၌ အကြံဉာဏ်ပေးသူများကို ပြင်းထန်စွာ မဝေဖန်ပါနဲ့။ အချက်စုံလင်လုံလောက်စွာမရှိဘဲ ပြဿနာကို ကောင်းစွာ ဖြေရှင်းနိုင်မည်မဟုတ်ပါ။ အချက်အလက်ပေါ် အခြေခံ ပြဿနာများ ဖြေရှင်းသောအခါ သင်ထက်ပို၍ ကျွမ်းကျင်သူများ၏ လုပ်ဆောင်မှုတိုင်းကို သိရှိရန် သင်၏ တာဝန်မဟုတ်ပါ။ အချက်အလက်များပေါ် အခြေခံကာ ကောင်းမွန်စွာ ဆုံးဖြတ်ချနိုင်ရန် ဘုရားသခင်သည် အဖွဲ့သားများကို စေလွှတ်ပေးခြင်း ဖြစ်သည်။ သူတို့ကို အသုံးပြုပါ။ ထိုသို့ အသုံးပြုရန် ဘုရားသခင်က သင့်ထံစေလွှတ်ခြင်း ဖြစ်သည်။

Issues and Problems = Opportunities

Issues = ပေါ်ပေါက်လာသည့်အကြောင်းအရာ

Problem = ပြဿနာ

Opportunities = အခွင့်အလမ်းများ

အပေါ်ပိုံသည် CEO နှင့် အဖွဲ့သားများ အစည်းအဝေးပြုလုပ်နေသည့်ပုံကို ကိုယ်စားပြုသည်။ L - ခေါင်းဆောင် (CEO) ကို ကိုယ်စားပြုသည်။ ပြဿနာအလယ်တွင် L ရှိနေမည်ဖြစ်သည်။ သာသနာလုပ်ငန်း ခေါင်းဆောင်များကို များ ( ) ကိုယ်စားပြုသည်။

ပေါ်ပေါက်လာသော အကြောင်းအရာ ပြဿနာများကို ဖြေရှင်းကာ အောင်မြင်သော ခေါင်းဆောင် ဖြစ်လိုပါက CEO အနေဖြင့် အကြံဉာဏ်ပေးနိုင်သူ၊ အစီအစဉ်ဆွဲနိုင်သူ များနှင့် ထောက်ခံမှုပြု လုပ်နိုင်မည့် ခေါင်းဆောင်များနှင့် လက်တွဲကာ ပူးပေါင်းဆောင်ရွက်ရန်လိုသည်။ ဤနည်းလမ်းကို ခေါင်းဆောင် အသုံးပြုသင့်ပါသည်။

**သင်ခန်းစာ ၃**

တာဝန်ပေးခြင်း – လုပ်ငန်းခွင်၌ တာဝန်ပေးအပ်ခြင်း၊ ဘုရားသခင်ပေးအပ်သော သာသနာလုပ်ငန်း၌ ထမ်းရွက်ရသော လွှဲပြောင်းပေးရန် ဖြစ်သည်။

CEO သာလျှင် လုပ်ငန်း၌ တာဝန်ခွဲပေးနိုင်သောသူ ဖြစ်သည်။ ဤသို့ လုပ်ငန်းများခွဲဝေခြင်းအား ဖြင့် လုပ်ငန်း၌ ထိရောက်မှုများစွာ ရှိလာမည်ဖြစ်သည်။ CEO သည်သာလျှင် လုပ်မည်၊ မလုပ်မည်ကို ဆုံးဖြတ်နိုင်သူဖြစ်သည်။ အောင်မြင်ခြင်း၊ ကျရှုံးခြင်းသည် သူ၏ ခေါင်းဆောင်မှု အရည်အချင်းပေါ်၌ တည်နေ သည်။ ဒီမိုကရေစီနည်းလမ်းနှင့် မဲပေးကာ ခေါင်းဆောင်တင်မြှောက်သည့် စနစ်သည် ဘုရားသခင်၏ နည်းလမ်းစနစ်မဟုတ်ပါ။

‘‘ဘုရားသခင်သည် လောကကို ချစ်တော်မူ၍ ကော်မတီအဖွဲ့ကို မစေလွှတ်ခဲ့ပေ။’’ ဘုရားသခင်၏ အကြံစည်မှာ သူနှင့်ဆက်သွယ်ကာ လမ်းညွှန်မှုပေးနိုင်မည့် ခေါင်းဆောင်တစ်ဦးသာ ဖြစ်သည်။

သမ္မာကျမ်းစာထဲတွင် ခေါင်းဆောင်ကို မဲခွဲဆုံးဖြတ်ရွေးချယ်မှုတစ်ကြိမ်တစ်ခါသာတွေ့ရသည်။ တမန်တော်အခန်းကြီး ၆ တွင် ဖြစ်သည်။ ယုဒလူမျိုး ယုံကြည်သူများနှင့်တပါး အမျိုးသားယုံကြည်သူများ အကြား၌ အငြင်းပွားမှုပေါ်ပေါက်သော အချိန်ဖြစ်သည်။ တပါးအမျိုးသားယုံကြည်သူများအထဲမှ မုဆိုးမများ အား ခွဲခြားမရှိနေသောကြောင်း တမန်တော်များမှ ဖြေရှင်းရန် တပါးအမျိုးသားယုံကြည်သူများက တောင်းဆို ခြင်းဖြစ်သည်။ ခေါင်းဆောင်မှုနှင့် အခွင့်အာဏာအပေါ် တမန်တော်များအတွက် ပထမဆုံးအကြိမ် စမ်းသပ်မှု ဖြစ်သည်။ လူအများကို ကျေနပ်စေမည့် ပြဿနာဖြေရှင်းမှုနှင့် နည်းစနစ်တစ်ခု လိုအပ်နေပြီဖြစ်သည်။ မုဆိုးမများနှင့် မိဘမဲ့များ၏ အမှုကို စီမံခွဲခန့်ရန ဘုရားတရား၌ အားကြီးသော လူကြီး (၇) ယောက်ကို လူထုမှ ရွေးချယ်ရန် ဖြစ်လာသည်။ ဤလူကြီးများကို ယုဒလူမျိုးဖြစ်သော တမန်တော်များမှ တိုက်ရိုက်ရွေးချယ်မှုပြု ပါက အုပ်စုနှစ်စုအတွင်း၌ မကျေလည်မှုများ ဆက်လက်ဖြစ်ပေါ်နေအုံးမှာ ဖြစ်သည်။

နောက်ဆုံးဘုရားသခင် သည် တမန်တော်များအား ဖွင့်ပြကာ လူထုအနေဖြင့် မိမိတို့ဆန္ဒအလျောက် ရွေးချယ်မှုပြုရန် အကြံပေးသည်။ ဤနည်းလမ်းသည် ပြဿနာဖြေရှင်းရာ၌ အသိမ်မွေ့ဆုံးသော နည်းလမ်းဖြစ်သည်။ ဤနေရာမှလွဲ၍ ဓမ္မသစ်ကျမ်းတစ်အုပ်လုံးတွင် ခေါင်းဆောင်မှုနှင့်ပတ်သက်၍ လူထုဆန္ဒနှင့် ရွေးကောက် ခြင်းအား တွေ့ရှိခြင်းမရှိချေ။

CEO အနေဖြင့် သူ၏ခေါင်းဆောင်များထံ၌ မည်သို့ အကြံဉာဏ်များရှိကြောင်း မေးမြန်းဆွေးနွေးရန် ဖြစ်သော်လည်း ဆုံးဖြတ်ချက်မှာ သူ့အပေါ်၌သာရှိနေသည်။ သို့ဖြစ်၍ CEO အနေဖြင့် အစွဲလမ်းကြီးသူ၊ ပုဂ္ဂိုလ်စွဲသော သူမျိုးမဟုတ်ဘဲ ဘုရားတရားနှင့် ပြည့်ဝကာ ဘုရား၏ လမ်းညွှန်မှုအတိုင်း အသက်ရှင်သော သူဖြစ်ရန် လိုသည်။ တစ်စုံတစ်ဦးကို လုပ်ပိုင်ခွင့်အာဏာလွှဲပြောင်းပြီးပါက ဤလုပ်ငန်းနှင့်ပတ်သက်သမျှသည် လွှဲအပ်ခြင်းခံရသောသူ၏ တာဝန်လုံးလုံးဖြစ်လာခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် ဤအလုပ်ကို ရပ်နားခြား၊ ဖ့ကျသိမ်းခြင်းနှင့် အမိန့်ပေးခြင်းမျိုးကို ရှောင်ပါ။ ပြဿနာဖြစ်ပါက ဤအရာကို ဖြေရှင်းနိုင်ရန် အကြံပြုခြင်း၊ ဆွေးနွေးမေးမြန်းမှုစသဖြင့် ပြုလုပ်ပါ။

တာဝန်လွှဲအပ်ခြင်းမပြုမီ ဤအလုပ်ကို လုပ်ဆောင်နိုင်၊ မလုပ်ဆောင်နိုင်သည်ကို ဦးစွာမေးပါ။ လုပ်ဆောင် နိုင်မည်ဟုဆိုက မည်သို့လုပ်ဆောင်ရမည်။ နားလည်မှုရှိမရှိ မေးမြန်းပါ။ အကယ်၍ သူတို့အနေဖြင့် မှတ်စု ထားရှိခြင်း မရှိက သင်သည်အချိန်ကို အလဟာသဖြုန်းတီးနေသူသာဖြစ်မည်။ လိုအပ်ချိန်၌ ပြန်လည်ကြည့်ရှုနိုင် ရန် မှတ်စုယူခြင်း အကျင့်ရှိအောင် သင်ပေးပါ။ ဒီလုပ်ငန်းကို ယုံကြည်စွာ ငါလွှဲအပ်လိုက်ပြီ။ သူလုပ်ဆောင်နိုင် မယ်ဆိုတာ ငါသိတယ်။ သတ်မှတ်ချိန်အတွင်း ပြီးဆုံးအောင် လုပ်ဆောင်ပါ။ ပြဿနာ ရှိ၊ မရှိ စဉ်းစားရှိပါက ပြဿနာကို ဖြေရှင်းပြီး၊ အောင်မြင်စွာ ပြီးစီးနိုင်ဖို့ စဉ်းစားပြီး ငါ့ကိုလာတွေ့ပါ'' ဟု ပြောဆိုနိုင်သည်အထိ အတူတကွ ဆောင်ရွက်ပါ။ ဤနည်းလမ်းကို လက်တွေ့အသုံးချကြပါ။ ဤအရာသည် လွန်စွာအရေးကြီး သောအရာဖြစ်သည်။

လုပ်ငန်း၌ အရည်အချင်းနှင့်အရည်အသွေး ပြည့်မီရန်သာမက အချိန်မီပြီးအောင် ဆောင်ရွက်ခြင်း သည်လည်း အရေးကြီးသည်။ သတ်မှတ်ချိန်အတွင်း အလုပ်ပြီးစီးရန် အရေးကြီးသည်ကို အစဉ်သတိပြုပါ။ ဆိုလိုသည်မှာ သင်၏ လုပ်ဖော်ဆောင်ဖက်များက တစ်ပတ်တည်း ပြီးဆုံးမည့်အလုပ်တစ်ခုပေးပါက တပတ် အတွင်း ပြီးနိုင်ရမည်ဖြစ်သလိုပင်၊ လေးရက်အတွင်း ပြီးစီးအောင် လုပ်ဆောင်မည်ဆုပါကလည်း ပြီးဆုံးအောင် လုပ်ဆောင်နိုင်ရမည်ဖြစ်သည်။ လုပ်ငန်းခွင်၌ လျင်မြန်စွာနှင့် အရည်အသွေးပြည့်မှီစွာ လုပ်ဆောင်နိုင်ရန် သင်၏အဖွဲ့သားများကို အားပေးကာ သူတို့၏ အစွမ်းကို အကုန်ထုတ်သုံးနိုင်ရန် ခွန်အား ပေးတိုက်တွန်းပါ။

သင်၏အဖွဲ့သားများက ပေးအပ်သော အလုပ်ကို မလုပ်ဆောင်နိုင်ဟုဆိုလာပါက ''အကြောင်းအရင်း'' ကိုမေးပါ။ တွေ့ကြုံရသော ပြဿနာကို ဖြေရှင်းနိုင်ရန် ကူညီပါ။ ကားပျက်နေလို့လား။ အကယ်၍ ငှားရမ်းရန် ရှိနေသည်ဆိုပါက ကားငှားပြီးပေးအပ်သော အလုပ်ကို ဆက်လက်လုပ်ဆောင်စေပါ။ ကလေးထိန်းပေးမည် သူမရှိဖြစ်နေပါက၊ ကလေးကို ထိန်းကျောင်းပေးမည်သူ ရနိုင်မရနိုင်ကို မေးပါ။ သူတို့အနေဖြင့် ကူညီနိုင်မည့် သူများကို ရှာဖွေစဉ်းစားကြမှာက အမှန်ဖြစ်သည်။ သူတို့နည်း သူတို့ဟန်ဖြင့် ပြဿနာဖြေရှင်းနိုင်ရန် ညွှန်ကြားပါ။ မည်သို့မည်ပုံလုပ်ဆောင်ရမည်ကို ပြောနေမည်အစား ဖြစ်နိုင်ချေရှိသော မေးခွန်းများကို မေးမြန်းပါ။ တစ်စုံတစ်ယောက်က ''စဉ်းစားတွေးခေါ်ခြင်းသည် ခက်ခဲသော အလုပ်ဖြစ်၍ ဤအနည်းငယ်ကိုသာ တွေးခေါ်ကြသည်'' ဟု ဆိုထားသည်။ သင့်ထံ၌ ပြဿနာဖြေရှင်းနိုင်မည့် လမ်းညွှန်ချက်များရရှိနိုင်မည်ဟု သိရှိကြပြီးနောက် ပြဿနာကို မိမိကိုယ်တိုင်ဖြေရှင်းနိုင်အောင် ကြိုးစားလာကြမည်ဖြစ်သည်။ ကြာလာသောအခါ သူတို့၌ ပြဿနာပေါ်ပေါက်လာပါက ''သင်းအုပ်ဆရာကို မေးမြန်းရင်ပြဿနာဘယ်လိုဖြေရှင်းရမလဲဆိုတာကို မေးမှာဆိုတော့ ကိုယ်ဟာ ငါကြိုးစားပြီး စဉ်းစားတာကောင်းတယ်'' ဟု သိမြင်တတ်လာကြမည် ဖြစ်သည်။

သင်၏လူများသည် စဉ်းစားတွေးခေါ်နိုင်သောသူများဖြစ်ကြသည်။ ထို့ကြောင့် သာသနာလုပ်ငန်း၌ ပြဿနာပေါ်ပေါက်ပါက ကိုယ်တိုင်ဖြေရှင်းနိုင်မည့် နည်းလမ်းကို ရှာဖွေကြရန်လိုသည်။ သူတို့၏ ပြဿနာများကို ဒိုင်ခံဖြေရှင်းပေးနေပါက သင်၏အချိန်ကုန်ရုံသာမက သူတို့အနေဖြင့် အတွေးအခေါ်ပိုင်း၌ ကြီးထွားရင့်ကျက်ခြင်းရှိလာမည်မဟုတ်ပေ။ သတို့ဖြေရှင်းနိုင်သော အရာများအတွက် အချိန်အကုန်ခံနေခြင်းသည် သင့်အတွက် အချိန်များစွာ ကုန်ဆုံးနစ်နာသည်။ သာမာန်ပြဿနာများ ပေါ်လာပါက အကြောင်းအရင်းပြဿနာကို မေးမြန်းကာ ဖြေရှင်းနိုင်မည် အကြံ၊ လမ်းညွှန်ချက်ပေးခြင်းဖြင့် ကူညီပါ။ ဤနည်းလမ်းအားဖြင့် လျင်မြန်စွာရင့်ကျက်မှုရှိလာကြမည်ဖြစ်သည်။ အားနည်းသွားစေရန်မဟုတ်ဘဲ သန်မာလာစေရန်ဖြစ်သည်။ သင်၏အဖွဲ့သားများသည် သင့်ကိုကူညီရန် ဘုရားသခင်စေလွှတ်ကြောင်း မမေ့ပါနဲ့။ သူတို့ကို အောင်မြင်သောခေါင်းဆောင်များဖြစ်စေရန် သင်၏တာဝန်ဖြစ်သည်။ တစ်ခါတစ်ရံ ကြားဝင်ကူညီမှု ပေးရန်ဖြစ်သော်လည်းသူတို့ကိုယ်ပိုင်အင်အားဖြင့် အောင်မြင်သော သူများဖြစ်အောင် ကူညီရန်မှာ သင်၏ တာဝန်ဖြစ်သည်။

**သင်ခန်းစာ ၄**

ထောက်ပံ့ခြင်း – သင်၌ပေးထားသော သူတို့ကို အောင်မြင်အောင်

‘‘ ပေးထားတဲ့အလုပ်ကို အောင်မြင် အောင် လုပ်ဆောင်ဖို့ ဘာလိုအပ်သလဲ’’ ဟူ၍ မေးမြန်းခြင်းဖြင့် ထောက်ပံ့ခြင်းကို စတင်ပါ။ သူတို့၌ ငွေကြေး (သိ) လူအား (သို့) အခြားအရင်းအမြစ်များကို လိုအပ်နိုင်သည်။ သူတို့လိုအပ်သော အရာများကို ရယူနိုင်မည့် နည်းလမ်းကို ပြောပြပါ။ သူတို့၏ လုပ်ငန်းအောင်မြင်ဖို့ကူညီရန် ဖြစ်သော်လည်း ကိုယ်ပိုင်ပါဝင်လုပ်ဆောင်ရန် မဟုတ်ပေ။ သူတို့လိုအပ်သော အရင်းအမြစ်များ ရယူသုံးစွဲ နိုင်အောင စိတ်ဝင်စားစွာ ကူညီပါ။ အောင်မြင်မှု ရယူနိုင်ကြရန် ကူညီနိုင်သလောက် ကူညီပေးပါ။

CTTM လို အစဉ်သတိရ အောက်မေ့ပါ။ Coach လမ်းညွှန်မှုပေးခြင်း၊ Teach သင်ကြားပြသခြင်း၊ Train ကျွမ်းကျင်သော မွမ်းမံပေးခြင်း နှင့် Mentor သွန်သင်ဆုံးမခြင်း၊ သင့်အချိန်၏ ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ လမ်းညွှန်မှုပေးခြင်း၊ သင်ကြားပေးခြင်း၊ ကျွမ်းကျင်သော မွမ်းမံခြင်းနှင့် သွန်သင်ဆုံးမှု အတွက် အသုံးပြုပါ။

လမ်းညွှန်မှုပေးခြင်း ပေးအပ်သော လုပ်ငန်းအား လုပ်ဆောင်နိုင်ကြောင်း ခွန်အားပေး တိုက်တွန်း ခြင်း ဖြစ်သည်။ ဤလုပ်ငန်း၌ လုပ်ဆောင်ရန် ဘုရားသခင်ရေးကောက်ခြင်းဖြစ်ကြောင်း သိရှိရန် အားပေး တိုက်တွန်းရသော လူအချို့လည်း ရှိတတ်သည်။ ပေးအပ်သော တာဝန်ကို လုပ်ဆောင်နိုင်ရန် အစွမ်းရှိ ကြောင်း၊ လုပ်ဆောင်နိုင်မည်ဟု သင်၏ယုံကြည်မှုကို သူတို့ကိုယ်တိုင်သိရှိခံစားတတ်ရန်လည်းလိုသည်။ ပထမ ဆုံးအကြိမ် တာဝန်ယူလုပ်ဆောင်ခြင်းဖြစပါက အကူအညီလိုအပ်ကောင်း လိုအပ်နိုင်ပါသည်။ သူတို့တာဝန်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ကူညီရန်ဖြစ်သော်လည်း ကိုယ်တိုင်ကိုယ်ကျ ပါဝင်လုပ်ဆောင်နိုင်ရန် မဟုတ်ကြောင်း သိမှတ်ပါ။ သူတို့၏ အလုပ်မှာ စီမံကိန်းကို အောင်မြင်အောင် ဆောင်ရွက်ရန်ဖြစသည်။ တချို့ သောသူများသည အနည်းငယ် တွန်းအားပေးခြင်း၊ လမ်းညွှန်မှုပေးရုံဖြင့် ကြီးကျယ်သောအရာကို လုပ်ဆောင် နိုင်စွမ်းရှိကြသည်။

သင်ကြားပေးခြင်း – သိသင့်သိထိုက်သောအရာများကို သိအောင် သင်ကြားခြင်းဖြစ်သည်။ ထိုသူတို့ ကို အချက်နှစ်ချက်အတွက် သင့်ထံဘုရားသခင်စေလွှတ်ခြင်းဖြစ်သည်။ ပထမချက်မှာ ဘုရားသခင်စေခိုင်း သော အမှု၌ ကူညီရန်၊ ဒုတိယအချက် – ဘုရားသခင်၏ပေးသောအလုပ်၌ သူတို့အနေဖြင့် ရေရှည် စီမံကိန်းကို ခွန်အားအသစ်၊ စွမ်းအားအသစ်နှင့် အောင်မြင်နိုင်ရန်အတွက် စွမ်းအား မြင့်တင်ပေးရန် ဖြစ်သည်။ မိမိကိုယ်တိုင် တိုးပွားနိုင်ရန်အတွက် သူတပါးဘဝ၌ ကျွန်တော်တို့အရင်းအနှီးမြှုပ်နှံမှုပြုရသည်။ ပေါလုသည် တမောသေထံ သူ၏ အတတ်ပညာ၊ အသိပညာနှင့် အတွေ့အကြုံများကို ရင်းနှီးမြှုပ်နှံခြင်းသည် ထိုသူ၏ တိုးတက်မှု အတွက်ပင်ဖြစ်ကြောင်း သတိပြုပါ။ သင်၏ သင်ကြားခြင်း၊ သွန်သင်ခြင်းများသည် ရင်းနှီးမြှုပ်နှံမှုဖြစ်ကာ အလုပ်မဟုတ်ကြောင်း သိရှိထားပါ။ သင်၏အတတ်ပညာ၊ အသိပညာများအားဖြင့်

သူတို့၏လုပ်ငန်း ပြီးဆုံးရန် လက်ဆင့်ကမ်းပါ။ ကျွမ်းကျင်မှုသည် အခြေခံအားဖြင့် မဟုတ်ဘဲ လက်တွေ့လုပ်ဆောင်ခြင်းအားဖြင့် ရရှိလာကြောင်း သိရှိကြရန်လိုသည်။ ပုံမှန်သင်ကြားမှုကို ပုံမှန်အလေ့အကျင့်ဖြစ်အောင် ပြုလုပ်ပါ။

ကျွမ်းကျင်အောင် လေ့ကျင့်ခြင်း – သင်တန်းနှင့်မတူညီသော အချက်မှာ သူတို့နှင့်အတူတကွ လုပ်ဆောင်ခြင်းဖြစ်သည်။ သင်တန်းပေးခြင်းသည် သင်ကြားပို့ချမှုသက်သက်ဖြစ်နိုင်သည်။ မိမိကလေးများ အား အိုးခွက်ပန်းကန်ဆေးကြောတတ်အောင် သင်ပေးသကဲသို့ တွေးပါ။ သုတ္တ ၂၂ း ၆ တွင် ''သူငယ်သွား ရာလမ်းဝ၌ ဆုံးမသန်သင်လော့။ သို့ပြုလျှင် သူသည်အိုသောအခါ ထိုလမ်းမှမလွဲ၊ လကသွားလိမ့်မည်'' ဟု ဆိုထားသလို ကျမ်းပိုဒ်၌ ''သင်ပေးသည်'' ဟုမဆိုဘဲ ''သွန်သင်ပါ'' ဟုဆိုထားကြောင်း သတိပြုမိပါစေ။ ကျွမ်းကျင် အောင်မွမ်းမံခြင်းဆိုသည်မှာ သင်ခန်းစာပို့ချခြင်းမဟုတ်ဘဲ ပေးထားသော တာဝန်ကို လုပ်ဆောင်နိုင်ရန် အတူတကွပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ သင်၏ လုပ်အားနှင့် အချိန်ပေးဆပ်ရန် လိုအပ်ကာ ရရှိလာ မည့် အကျိုးများလည်း ထိုက်ထိုက်တန်တန်ပင်ရှိလာမည်ဖြစ်သည်။ သင်၏လူများသည် သင်၏ပြောဆိုမှု၊ ပုံသက်သေကိုကြည့်၍ လုပ်ဆောင်ကြမည်ဖြစ်ကြောင်း သတိပြုပါ။ သူတို့အား ကောင်းမွန်စွာသင်ပေးပါက မိမိကို မိမိယုံကြည်သူပြည့်ဝကြမည်ဖြစ်သည်။ ''ပန်းသီးသည် သူ၏ပင်ခြေမှ ဝေးဝေးကျလေ့မရှိ'' ဆိုသော ဆိုရိုးစကားကို သတိရပါ။ သင်၏ ပုံသက်သေအတိုင်း သင့်လူများ လိုက်သည်ဟု ဆိုပါသည်။ သူတို့အား အချိန်ကို ရင်းနှီးမြှုပ်နှံကာ သင်ပေးခြင်းနှင့် လေ့ကျင့်ပေးခြင်းပြုပါက သူတို့အနေဖြင့်လည်း ထိုနည်းတူစွာ လုပ်ဆောင် ကြမည်ဖြစ်သည်။

သင်ကြားခြင်းနှင့် လေ့ကျင့်ခြင်း၏ ကွာခြားပုံကြည့်ကြရအောင်၊ အိမ်မွေးတိရစ္ဆာန်အရောင်းဆိုင်သို သွားကာ ခွေးတစ်ကောင်ဝယ်ခဲ့သည်ဆိုပါစို့။ ရွေးပြီးကောင်တာ၌ ငွေရှင်းပြီးသောအခါ ''သင်၏ခွေးကို မည်သို့လေ့ကျင့်ပေးရမည်'' ဆိုသလို လယ်ကမ်းစာစောင်ကို စာရေးမှ ပေးမည်။ အမှန်ပင် အိမ်ရောက် သောအခါ သင်နှင့်ခွေးသည် သင်တန်းခန်းထဲရောက်ရှိနေခြင်းနှင့်အတူတူပင်ဖြစ်သလို သင်သည် ထိုင်ခုံ၌ထိုင် ခွေးလေးကို သင့်ရှေ့၌ ထိုင်စေ၍ စာအုပ်ပါလေ့ကျင့်ခန်းကို သေချာစွာ ရှင်းပြသည်ဆိုပါစို့။ သင်ပြောဆိုမှုပြီး သွားသောအခါ ခွေးလေးသည် ပျော်ရွှင်စွာ အမြီးကိုနှံ့လျက်နေ၍ ထိုင်နေမှာဖြစ်သည်။ သင်က စာအုပ်ကိုချ သင်တန်းပြီးပြီဟုပြောသော်လည်း ခွေးလေးမှာမူဆက်၍ ထိုင်နေမြဲ ထိုနေမည်ဖြစ်သလို သင့်အနေဖြင့် ပုံစံမျိုးစုံပြောင်း၍ ရှင်းပြနေသော်လည်း ထူးခြားမှုရှိလာမည်မဟုတ်ပါ။ နောက်ဆုံးတွင် သင့်အနေဖြင့် ခွေးသည် ထုံးထိုင်းနေသော ခွေး (သို့) စာအုပ်သာဆို အသုံးမကျသော စာအုပ်ဖြစ်သည်ဟုဆိုကောင်းဆိုနိုင်ပါ သည်။

‘‘ဤနည်းသည် ခွေးကို သင်ပေးသောနည်းမဟုတ်ဟု’’ သင်တွေးကောင်းတွေးနိုင်သည်။ သင်းအုပ်ဆရာများစွာ ဤနည်းလမ်းအတိုင်း သူ၏လူတို့ကို အမှန်တလဲလဲသင်ကြားဟောကြားသော်လည်း လက်တွေ့၌ လေ့ကျင့်ပေးခြင်းမရှိကြချေ။ လူ (သို့) ခွေးများကို သင်ကြားပေးရာ၌ ရှင်းပြခြင်းသပ်သပ်မဟုတ်ဘဲ အတူတကွလုပ်ဆောင်ရင်း သိစေလိုသောအရာနှင့် မည်သို့မည်ပုံလုပ်ဆောင်ရမည်ကို ရှင်းလင်းအောင် လက်တွေ့ပြရန်ဖြစ်သည်။

Mentoring အသွန်သင်ဆုံးမသူသည် အတွေ့အကြုံနည်းသော လူငယ်လူရွယ်များအား ကူညီသူ၊ အကြံပေးနိုင်သူဖြစ်သည်။ သွန်သင်ဆုံးမသူအနေဖြင့် မေးခွန်းရှိပါက အဖြေမပေးနိုင်သူနှင့် မှားယွင်းနေပါက အမှန်ကိုပြသနိုင်သူ ဖြစ်ရပါမည်။ ဆရာနှင့်ကျောင်းသားကြား၌ မိတ်ဆွေအဆင့်ထက်သာ၍ မြင့်သောအဆင့်ဖြစ်သလို၊ တနည်းဆသော် သွန်သင်ဆုံးမသူသည် ပါရမီရှိသူများ အား ပို၍ အောင်မြင်မှုရရှိစေရန် သူတို့ဘဝထဲ၌ နက်ရှိုင်းစွာ လွှမ်းမိုးနိုင်သူဖြစ်သည်။ တပည့်တော်ဖြစ်စေ ခြင်းဟုလည်း ခေါ်ဆိုနိုင်သည်။ လုပ်ဆောင်မှုမှန်သမျှ အောင်မြင်မှုတွင် ဆုံးရှုံးနိုင်သူဖြစ်ရန် သင်၌ရှိသမျှသော အသိပညာ အတွေ့အကြုံများကို ပေးလိုသောသူဖြစ်ရသည်။ လုပ်ဆောင်ပုံ၊ ဆက်ဆံရေး ငွေကြေးအသုံးပြုပုံ တို့၌ မိဘသဖွယ် သွန်သင်ရန်ဖြစ်သလို၊ အခြေခံမူအားဖြင့် တပည့်တော်ဖြစ်စေခြင်းပင်ဖြစ်သလို ကျမ်းစာထဲ၌ အကောင်းဆုံးဥပမာနှစ်ခုမှာ မောရှေနှင့် ယောရှု၊ ပေါလုနှင့် တိမောသေလို့ဖြစ်ကြသည်။ သွန်သင်လမ်းပြသူ အနေဖြင့် ပုံသေအတိုင်းမဟုတ်ဘဲ အလုပ်ရှင်နှင့် အလုပ်သမား၊ ဆရာနှင့် တပည့်ကြား၌ရှိသော ဆက်ဆံရေး မျိုးထက် သာလွန်သော အခြေအနေဖြစ်ရပါသည်။ သူတို့အတွက် ဆောင်ရွက်ရန် ဘုရားသခင်ပေးအပ်သော အရာများကို ပြည့်စုံစေသောသူများဖြစ်ရန် သူတို့အထဲ၌ လိုအပ်သော အရာများအား ထည့်သွင်းပေးရန ဖြစ်သည်။

သွန်သင်ဆုံးမသူအတွက် ဥပမာတစ်ခုပေးလိုသည်။ ဤသို့သော ဆက်ဆံရေးမျိုး သင်၌ ရှိ / မရှိ ကျွန်ုပ်အနေဖြင့် မသိပါ။ ကျွန်တော့်သမီးတက်သော ကျမ်းစာကျောင်းသို့ အလည်အပတ်သွားရာ ရောက်ရာမှ ဖြစ်ပျက်သောအရာဖြစ်သည်။ သမီးဖြစ်သူမှ သူ၏ ခန်းဖော်သူငယ်ချင်း၏ ငါ့အမှားကို တိုက်ရက်အမားပြင်ဆင် မှုပေးကို ကျွန်တော်ကြားသောအခါ တိုက်ရိုက်ပြောဆိုသူများအနည်းငယ်လန်သည်ဟု ယူဆမိသည်။ ကျွန်တော်တို့ သားအဖနှစ်ဦးတည်းရှိချိန်တွင် သူငယ်ချင်းကို ပြောဆိုသော ပုံစံမှာ တိုက်ရိုက်ကျလွန်းသည် မဟုတ်လားဟူ၍ မေးခဲ့ပါသည်။ သမီးက ကျွန်တော့်ကိုကြည့်ရင်း ‘‘ပန်းသီးက သူ၏ပင်ခြေမှ ဝေးဝေး မကျဘူး’’ ဟု ဖြည်းညင်းစွာ ပြန်ပြောခဲ့သည်။ ဆိုလိုသည်မှာ သူမ၏ ပြောဆိုပြုမူပုံမှာ ကျွန်တော်ထံမှ

ရရှိသောအရာဖြစ် ကြောင်း ပြောဆိုခြင်းဖြစ်သည်။ ကျွန်တော်ကို နေ့စဉ်လုပ်ဆောင်နေမှုများအားဖြင့် တပည့်တော်ကောင်းများ မွေးထုတ်နိုင်ရန် ဖြစ်သည်။

ဘုရားသခင်စေလွှတ်သော သင်၏လူတို့ကို ရည်ရွယ်ချက်ရှိရှိဖြင့် လမ်းညွှန်မှု၊ သင်တန်းပေးခြင်း၊ ကျွမ်းကျင်အောင် လေ့ကျင့်ပေးခြင်းနှင့် သွန်သင်လမ်းညွှန်ဆုံးမရန်ဖြစ်သည်။ မိမိ၏ သင်ကြားပေးခြင်းနှင့် ပံ့သက်သေက သင့်၏လူများအပေါ် လွှမ်းမိုးနိုင်ခြင်း ရှိမရှိကို သုံးသည်။ သူတို့ကိုကြည့်ပြီး မိမိကိုယ်တိုင်ပြန်၍ မြင်နိုင်ပြီလား။ သူတို့ ဂရုစိုက်လေးစားခြင်းအားဖြင့် သူတို့၏ သာသနာလုပ်ငန်းနှင့် အကောင်းအဆိုးဖြစ်ပေါ်နေမှုအားဖြင့် သင်၏ လွှမ်းမိုးမှုကို ထင်ရှားစွာ မြင်တွေ့နိုင်သည်ဖြစ်သည်။ သူတို့သည် သင်နှင့်ထပ်တူမဖြစ်နိုင်သော်လည်း သူတို့၏ သာသနာနယ်ပယ်၌ လိုအပ်ချက်များအား ကူညီမစသော သူအဖြစ် သင်ဆက်လက်ရပ်တည်နေမှာ အမှန်ဖြစ်သည်။ သူတို့စိတ်ထဲ၌ သင်သည် မရှိမဖြစ် လိုအပ်သောသူ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သင်သည် သူတို့အထဲ၌ ရင်းနှီးမြှုပ်နှံသူ ကောင်းကောင်းပြုလုပ်ခဲ့ပါသလား။

## ရယူခြင်း – ပြန်လည်သုံးသပ်

လုပ်ငန်းတစ်ခုပြီးဆုံးသွားသောအခါ အဖွဲ့၏ ဆောင်ရွက်မှု၊ ပြီးစီးမှုရလဒ်ကို ပြန်လည်သုံးသပ်ပါ။ ပြန်လည်သုံးသပ်ရာ၌ ဤမေးခွန်းများကို အသုံးပြုပါ။

(၁)မည်သည့်အရာများ ဖြစ်ပျက်လာမည်နည်း။

(၂) တကယ်ဖြစ်ပျက်နေသောအရာက မည်သည်နည်း။

(၃) ခြားနားချက်ကို မည်သို့ ရှင်းပြရမည်နည်း။

သင်၏ ခေါင်းဆောင်များအား ယခုလက်ရှိစွမ်းဆောင်ရန်ထက် သာ၍ စွမ်းဆောင်နိုင်ရန် အထောက်အကူပြုစေရန်မှာ အဓိကဖြစ်ရပါမည်။ အကြောင်းရာအရာရာတိုင်းသည် တိုးတက်ရန်အတွက် ဖြစ်ပျက်ခြင်းဖြစ်သည်။ ထို့ပြင် လက်ရှိလုပ်ဆောင်နေသော နည်းလမ်းသည် အကောင်းဆုံးဖြစ်ကြောင်း ပိုင်းခြားစေနိုင်မည်ဖြစ်သည်။ ဤအချိန်သည် ဆွေးနွေးငြင်းခုံရန်မဟုတ် ဆက်လက်ဆောင်ရွက်ရမည့် အရာကို အကောင်းဆုံးပြုလုပ်နိုင်အောင် ကူညီပေးရန် အချိန်ဖြစ်သည်။ နည်းလမ်းကောင်းသည် အလုပ်မဖြစ်ပါက နည်းလမ်းသစ်ရရှိနိုင်အောင် ကူညီရန် ဖြစ်သည်။ အကောင်းဆုံးနည်းလမ်းဖြင့် အကောင်းဆုံးလုပ်ဆောင်နိုင်ရန် သင့်အနေဖြင့် သူ၏အခြေအနေတိုးတက်အောင် ကူညီနိုင်ရန်ဖြစ်သည်။

ပန်းတိုင်ရောက်ရှိရန်အတွက် ကောင်းမွန်သော ဝေဖန်သုံးသပ်ချက်ရှိရန်လိုသည်။ အဖွဲ့သားများ၏ ရိုသေခြင်း၊ တိကျမှန်ကန်စွာနှင့် သင့်လျော်သော ဆုံးဖြတ်ချက်ပေးခြင်းများ သင်၏အလုပ်ဖြစ်ပြီး ဝေဖန်ရန်

မဟုတ်ပါ။ ပြင်းထန်စွာ ဝေဖန်ခြင်း၊ ကျရှုံးသော အသုံးအနှုန်းများကို ရှောင်ပါ။ ''မဆိုးပါဘူး'' ''အနည်းငယ် အောင်မြင်မှုရတယ်'' စသည့်များကို သုံးပါ။ ''အခုလို စွန့်စားလုပ်ဆောင်မှုအတွက် ကျေးဇူးတင်တယ်'' ''ငါပထမဆုံး လုပ်ငန်းခွင်ဝင်တဲ့ အချိန်ကို သတိရစေတယ်'' စသဖြင့် ပြောဆိုဖို့ မမေ့ပါနဲ့။ သူတို့၏ ကောင်းကွက်များကို ရှာဖွေပြောဆိုပါ။ ဤအချိန် ဤနေရာသည် သင်ကြားပို့ချရန် အချိန်မဟုတ်တော့ပေ။ ''မနက်ဖြန် ငါ့ရုံးခန်းပါ ဒီပြဿနာကို အတူတကွ ဖြေရှင်းတာပေါ့'' စသည့် နည်းလမ်းများကို အသုံးပြုပါ။

''အောင်မြင်မှုကို အစာကျွေး၍ ကျဆုံး၊ ဆုံးရှုံးမှုကို အငတ်ထားပါ။ ဤနည်းလမ်းသည် အောင်မြင်မှုအတွက် အထောက်အကူဖြစ်စေပါက အသုံးပြုပါ။ အထောက်အကူမဖြစ်ပါက ကျဆုံးရခြင်း၏ အလိုကို ရှာဖွေပြီး နောင်လုပ်ရမည့် အကြိမ်၌ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် နည်းလမ်းရှာပါ။

ကျဆုံးခြင်းသည် ဆုံးရှုံးမှုမဟုတ်ပါ။ သင်ခန်းစာယူရန် အခွင့်မသာဖြစ်သလို မလုပ်ရမည့် နည်းလမ်းကိုသိပြီးဖြစ်၍ နောင်တစ်ကြိမ်ထပ်မံအသုံးမပြုရန်ဖြစ်သည်။ လျှပ်စစ်မီးသီးတွင် သူသော့မစ်အယ်ဒီထင်သလို မီးသီးဖြစ်လာစေရန် စမ်းသပ်မှုပေါင်း တစ်သောင်းကျော်ပြုလုပ်ခဲ့သည်။ သို့သော်သူသည် စိတ်ဓာတ်မကျဘဲ အသုံးမဝင်သော နည်းလမ်းတစ်သောင်းကျော် တွေ့သည်ဟုဆိုသည်။ ကျွန်တော်ကိုယ်တိုင်လည်း အသုံးဝင်သောနည်း၊ အသုံးမဝင်သောနည်းလမ်းများစွာကို နှစ်အနည်းငယ်ခန့်၌ လေ့လာသင်ယူခဲ့ပါသည်။

ကျဆုံးတော့မည့်အဖွဲ့အစည်းများ အသုံးပြုသော နောက်ဆုံးစကားမှာ ''ငါတို့ဒီလိုနည်းလမ်းကို တခါမှ အသုံးမပြုဘူး'' ဟူ၍ ဖြစ်သလို တစ်စုံတစ်ခုက အလုပ်မလုပ်တော့ပါက ပြဿနာကိုရှာပါ။ ရှုးသွပ်မိုက်မဲခြင်း ဆိုသည်မှာ တူညီသော အရာကို ထပ်ခါထပ်ခါပြုလုပ်ရင်း ရလဒ်အသစ်ကို မျှော်လင့်ခြင်း ဖြစ်သည်။

ပြန်လည်သုံးသပ်ခြင်းသည် ခရီးသွားရန်နှင့် အောင်မြင်မှုအား ချီးကျူးဂုဏ်ပြုရန်ဖြစ်၍ အမှားပြင်ရန် နှိုင်းယှဉ်ရန် အချိန်မဟုတ်ပါ။ ကျမ်းစာ၌ ''လအပေါင်းတို့သည်။ လမးလွဲ၍ ဘုရားသခင်ရှေ့၌ အသရေပျက်ကြပြီ'' ဟု ဆိုထားသည်။ အသရေပျက်သည်ဆိုရာ၌ ပစ်မှတ်လွဲခြင်း (သို့) စံချိန်ပျက်သွားခြင်းကို ဆိုလိုသည် ဟု ပြန်လည်သုံးသပ်ခြင်းမရှိပါက မည်သို့နေရာ၌ မှားယွင်းနေကြောင်း သိရှိနိုင်မည်မဟုတ်ပါ။

လူတစ်ယောက်၏ အားနည်းချက်ကို ပြန်လည်သုံးသပ်ဖို့ ခေါ်ယူတွေ့ဆုံသောအခါ Sandwich အသားညှပ်ပေါင်မုန့်နည်းလမ်းကို အသုံးပြုပါ။ ပေါင်မုန့်၊ အသားနှင့် အခြားသော အစားအစာများ ရောထွေး အသုံးပြုသောနည်းဖြစ်သည်။ ဆိုလိုသည်မှာ သူတို့၏ အားသာချက် ပြဿနာဖြစ်စေသော အရာ၊ သူတို့၏ အားနည်းချက် များကို ပြောဆိုကာ နောက်ဆုံးသူတို့၏ အားသာချက်တစ်ခုခုနှင့် အဆုံးသပ်ပါ။ ပြောလိုသော စကားကို ဆုံးအောင် နားထောင်ရန်သူတို့ကို အသိပေးပါ။ ''ဂျွန်မင်းဟာ ကားမောင်းတဲ့နေရာမှာ

ထူးထူးခြားခြား ဘုရားက ဆုကျေးဇူးပေးတာ'' (ပြောစကားကို စက္ကန့်အနည်းငယ်ရပ်နေပါ။ ဤသို့ပြုခြင်းသည် သူ့အား အလေး အနက် သဘောထားပြောင်း သဘောပေါက်စေရန် ဖြစ်သည်)။ ကားမောင်းတဲ့အခါ သတ်မှတ်စံနှုန်းဖြင့် မောင်းတာ ငါတို့လက်ခံလို့မရဘူး။ သတ်မှတ်မိုင်နှုန်းအတိုင်း မောင်းတာ အန္တရာယ်ကင်းတယ်။ ချလံဖြတ်ခံရ တာပိုက်ဆံကုန်သလို မင်းအတွက်လည်း မကောင်းဘူး။ ဒါက ငါတို့ရဲ့ ကုန်ဆုံးစရိတ်လိုပါတယ်'' (သင်ပြော သောအရာများကို ထိရောက်စေရန် စက္ကန့်အနည်းငယ်ပြန်လုပ်ပါ) ''မင်းကားမောင်းတာတော်တယ်ဆိုတာ ငါသိတယ်။ မင်းဒီထက်ကောင်းအောင် လုပ်နိုင်မယ်ဆိုတာ ငါသိတယ်။ အခုကစပြီး ငါသိခဲ့တဲ့ ကားမောင်းတော်သောသူဖြစ်ပြောင်း သက်သေပြပါ။ ပြောဆိုကြည့်ပါ။'' မည်သို့ပြောဆိုရမည်နည်း။

(၁)မင်းကလူကောင်းဖြစ်ကြောင်း ငါသိတယ်။ တန်ဖိုးရှိသောသူဖြစ်ကြောင်း နားလည်အောင်ပြောပြပါ။

(၂)သူ၏မှားယွင်းသော အပြုအမူနှင့် ဘယ်လိုမှားယွင်းနေကြောင်းကိုပြပါ။

(၃)သင်မြင်တွေ့လိုသော အကြောင်းအရာများကို သေချာစွာ နားလည်အောင် ပြောပြပါ။

သူ၏အမှားကို ပြင်ဆင်ပေးခြင်းနောက် တွေ့မြင်လိုသော အကြောင်းအရာများကို ပြောပြခြင်းအားဖြင့် သူတို့တန်ဖိုးရှိသောသူအဖြစ် သင့်အနေဖြင့် အသိအမှတ်ပြုနေဆဲပင်ဖြစ်ကြောင်း သိစေပါသည်။ သူက ''ကျန်တော်စိတ်မရှည်နိုင်မိလို့ပါ၊ နောင်မဖြစ်စေရပါဘူး။ အခုလိုနားလည်းပေးလို့ ကျေးဇူးတင်ပါတယ်'' စသဖြင့် ပြန်ပြောနိုင်ပါသည်။ ဤအပြုအမူအပြောအဆိုမျိုးသည် အမှားကိုမြင်သော လူတစ်ယောက်နှင့် အပေးအယူလုပ်ရာ၌ များစွာအထောက်အကူဖြစ်စေသည်။ သို့သော် သူသည် သင်နှင့်အပြိုင် ငြင်းခုံခြင်းပြုလုပ်ပါက သူ၌ အခြားသော ပြဿနာများ ပြေလည်စေရန် ဘုရားသခင်၏ လမ်းညွှန်မှုကို တောင်းခံပေးပါ။ သင်သည် အဖွဲ့သားများက ကူညီရန်ဖြစ်ကာ ပြဿနာများနှင့် ငြိမ်သက်ရန်မဟုတ်ပါ။

ပြန်လည်သုံးသပ်ခြင်းသည် ပြစ်တင်ရန်မဟုတ်ဘဲ နောင်လုပ်ဆောင်ရမည့် အရာများကိုသာ၍ ကောင်းမွန်စွာ ပြုလုပ်နိုင်ရန်ဖြစ်ကြောင်း သတိပြုပါ။ ဤအရာကို သူတို့အတွက် လမ်းမှန်ကိုပြသနိုင်သော အခွင့်ဖြစ်ရုံသာမက သူတို့၏ ကျဆင်းနေသော စွမ်းဆောင်ရည်ကို ပြန်လည်ရယူနိုင်ရန် ခေါင်းဆောင်ကောင်းတစ်ယောက်၏ အလုပ်ကို ပြသရန် အခွင့်အလမ်းလည်း ဖြစ်သည်။ မှားယွင်းနေမှုအား ထောက်ပြနိုင်သော အခွင့်အခါပင်ဖြစ်သည်။

''အဖြေမရှိသော ပြဿနာသည် မကျေနပ်ချင်ဖြစ်သည်'' လူအများ၏ ပြဿနာကို ကိုယ့်ခေါင်းပေါ် မတင်ပါနဲ့။ သင်၏အလုပ်များ ကူညီရန်နှင့် ဖြေရှင်းနိုင်သော ပြဿနာကို ကိုယ်တိုင်ဖြေရှင်းနိုင်ရန် လမ်းညွှန်မှုပေးရန်ဖြစ်သည်။ သူတို့လုပ်နိုင်သောအရာကို ကိုယ်စားဆောင်ရွက်ရန် မကြိုးစားပါနဲ့၊ သင့်ထံသို့

ပြဿနာများ နှင့်လာသောအခါ "သင်ဖြေရှင်းနိုင်မည်လို့ ယုံသလား။" "ဘယ်လိုလုပ်ရင် ကောင်းမလဲ?" ဟု ပြန်မေးပါ။ သူတို့၏ ပြဿနာများကို ကိုယ်တိုင်ဖြေရှင်းစေပါက သင်၏ဝန်ပေါ့ပါးလာမည်ဖြစ်သည်။ သင်ကြားပေးရန်မှာ သင့်အလုပ်ဖြစ်သည်။ သူတို့၌ ဦးဆောင်နိုင်မှု အရည်အချင်းများရှိလာကြသောအခါ ပြဿနာဖြေရှင်းနိုင်သော အရာကို သင့်ထံ၌ ယူဆောင်ကြမည်မဟုတ်တော့ပါ။ "ဘယ်လလုပ်ရမှန်းမသိဘူး" ဟုဆိုလာပါက ပြဿနာ ဖြေရှင်းနိုင်မည့်နည်းလမ်းကို စဉ်းစားပြီး မနက်ဖြန်ပြန်လာပါဟု အကြံပြုပါ။ "ဒီလိုလုပ်ရင် အဆင်ပြေနိုင်တယ် ဟုဆိုလာပါက" ဒါအကြံကောင်းဘဲ၊ ဘာလို့ချက်ခြင်းမလုပ်ရတာလဲ (သို့) အကယ်၍ အဖြေရှာမတွေ့နိုင်ပါက ဖြေရှင်းနိုင်မည့် လမ်းစတ ပြောပြပါ။ တွေးတောကြံဆနိုင်သော ခေါင်းဆောင်များ ပေါ်ပေါက်လာရန်မှာ သင်၏ ရည်မှန်းချက်ဖြစ်ကြောင်း သတိရပါစေ။

တန်ဖိုးရှိသော ဆုံးဖြတ်မှုကို ဂုဏ်ပြုပါ။ လူတစ်ဦးကြိုးစားသော်လည်း ဆုံးရှုံးမှုကြုံတွေ့ပါက အလုပ်ထုတ်ပစ်ရန်မဟုတ်ဘဲ မှားယွင်းနေမှုကို ရှာဖွေ၍ လမ်းညွှန်မှုပေးကာ အမှားပြင်ခွင့်ပေးပါ။ ရှုံးနိမ့်ခြင်းသည် အဖြစ်အပျက်ကနေသာဖြစ်၍ ပုဂ္ဂိုလ်မဟုတ်ပါ။ မလုပ်ရမည့် အရာများကို လေ့လာ၍ နောင်တဖန်ကြိုးစားပါ။ ကျရှုံးခြင်းသည် ကြိုးစားမှု၏ ရလဒ်တစ်ခုဖြစ်သည်။ သင်ဖြတ်သန်းလာခဲ့သော အတွေ့အကြုံများ အားဖြင့်လည်း အားပေးတိုက်တွန်းနိုင်ပါသည်။ ကြိုးစားက ဆက်လက်လုပ်ဆောင်ရန်နှင့် အရှုံးမပေးရလေအောင် တိုက်တွန်းပါ။ နောင်တစ်ချိန်၌ အောင်မြင်မည်ဟု သင်ယုံကြည်ကြောင်း၊ အောင်မြင်အောင် ပံ့ပိုးပေးမည်ဖြစ်ကြောင်း သူတို့အားသိစေပါ။ ဘုရားသခင်အတွက် သစ္စာရှိသော စွမ်းရည်ပြည့်ဝသော ခေါင်းဆောင်များ မွေးထုတ်ရန် သင်၏အလုပ်ဖြစ်သည်။ ဤအကြောင်းကြောင့် ဘုရားသခင်သည် သင်၏အဖွဲ့သားများအား သင့်ထံ စေလွှတ်ရခြင်းဖြစ်သည်။

**နိဂုံး**

သာသနာလုပ်ငန်း၌ သစ္စာရှိသော ခေါင်းဆောင်ကောင်းဖြစ်ရန် သင့်ကို ဘုရားသခင်က ရွေးကောက်ခြင်းဖြစ်သည်။ ဤသည်မှာ သင်ခန်းစာရည်ရွယ်ချက်ဖြစ်သည်။ သင်ခန်းစာပါ နည်းလမ်းများကို အသုံးပြုပါက ဘုရားသခင်၏ နိုင်ငံတော်အတွက် စွမ်းရည်ပြည့်ဝစွာ လုပ်ဆောင်နိုင်သော ယေသားကောင်းများဖြစ် လာစေမည်ဟု ယုံကြည်ပါသည်။ CEO ဘဲဖြစ်ဖြစ် ၊ အဖွဲ့ငယတစ်ခု၏ ခေါင်းဆောင်ဘဲဖြစ်နေပါစေ နည်းလမ်း များကို အသုံးပြုပါ။ လေ့လာပြီး လက်တွေ့အသုံးချပါ။ သင်၏ သာသနာလုပ်ငန်းသာ၍ အောင်မြင်လာပါလိမ့် မည်။ အသုံးပြုရန် ပုံစံအနည်းငယ်ကွဲလွဲရုံမှအပ ကမ္ဘာကြီးသည် ဘယ်နေရာ၌မဆို လက်တွေ့အသုံးချနိုင်သော နည်းလမ်းများဖြစ်ပါသည်။ ဘုရားသခင်၏ ခေါင်းဆောင်မှုသည် ခေါင်းဆောင်

ကောင်းဖြစ်လာရန် ကျရှုံးမှုများအားဖြင့် မရပ်တန့်ဘဲ၊ ဘုရားသခင်စေခိုင်းသောနေရာ၌ သင်၏ ရုပ်ရုံ အောင်မြင်လာစေရန် ဘယ်တော့မှ ကျရှုံးမ ပေးပါနဲ့။

ဒုတိယကမ္ဘာစစ် အပြင်းထန်ဆုံးဖြစ်ပွားချိန်တွင် ဝင်စတန်ချာချီလ်၏ မိန့်ခွန်းနှင့်ထပ်၍ သတိပေးပါရစေ။ လူကြီးမင်းတို့ ဘယ်တော့၊ ဘယ်တော့မှ ဘယ်တော့မှ လက်မြောက်အရှုံးမပေးပါနဲ့။ တကယ်ပြောခဲ့သည်ဖြစ်စေ၊ မပြောခဲ့သည်ဖြစ်စေ၊ နှလုံးသားထဲ၌ ဆင်ခြင်ဖို့လိုအပ်သောအရာဖြစ်သည်။

''ဘယ်တော့မှ လက်မြောက်အရှုံးမပေးပါနဲ့'' ဘုရားသခင်သည် သင်၏နေ့စဉ်အသက်ရှင်မှုအားဖြင့် သူ၏ နိုင်ငံတော်ကျယ်ပြန့်စေရန် ခေါ်တော်မူခြင်းဖြစ်၍၊ သင့်အနေဖြင့် သစ္စာရှိရှိ ဆက်လက်စောင့်ထိန်းပါက တစ်နေ့သင်မြင်တွေ့လိုသော၊ သင်ဖြစ်စေလိုသောအရာကို မြင်တွေ့ဖြစ်ပေါ်လာမည်မှာ အမှန်ပင်ဖြစ်တော့သတည်း။